

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းအုပ်စု၊
ရွာကုန်းကျေးရွာဒေသဖွံ့ဖြိုးရေးအတွက်
ဆောင်ရွက်ရန်အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သိတ်တစ်ခါးအုပ်စု၊ ရွာကုန်းကျေးရွာ၏

လျှပ်စစ်မီးမရရှိခြင်း ပြဿနာသစ်ပင်

ရက်စွဲ ၊ 5.12.2019





အကျိုးဆက်
အကြောင်းအရင်း

ပံ့ပိုးကူညီသူ
ဦးစိုးမြင့်
ဝင်းအောင်
မဂျင်မာအေး
မစာလေးမိုင်


မကွေးတိုင်းဒေသကြီး၊ ဖြူငြိမ့်နယ်၊ ဆိတ်ဆင်းအုပ်စု၊ ဘုကုန်းကျေးရွာ၏ ယာသီးခွင်ပြမြေပုံ

| ၁ကြောင်း ၁ရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | |
| ကသာရေး | | | | | | | | | | | |
| ကပ်ပြုရေး | | | | | | | | | | | |
| ကြိုရေး | | | | | | | | | | | |
| ပျိုးပင်သား | | | | | | | | | | | |
| ပျိုးကောင်း ဥပ်သား | | | | | | | | | | | |




ကျေးဝိုင်းဒေသကြီး၊ မြို့ဝမြို့နယ်၊ ဆိတ်တောင်းအုပ်စု၊ ဆွာကုန်းကျေးရွာ၏ ရာသီခွင်ပြဇယား

ကျော်စွဲ -5.12.19



မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ဆိတ်ကာင်းအုပ်စု ၊ ကြာခုန်းကျေးရွာ ၏
လူမှုရေး နှင့် အရင်းအမြစ် ပြမြေပုံ


5.12.2019



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းကျေးရွာအုပ်စု၊ ရွာကုန်းကျေးရွာ၏

အနာဂတ်မျှော်မှန်းချက်ဖြင့် မြေပုံ


ရက်စွဲ 5.12.2018



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ခဝင်းအုပ်စု၊ ရွာကုန်းကျေးရွာ

ဝန်ဆောင်မှုနှင့် အခွင့် လမ်းပြမြေပုံ

ရက်စွဲ - ၅.၁၂.၁၉




ကူညီပံ့ပိုးသူ

ဦး ရှင်းဆောင်

ဦး မိုးလွင်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်ကျေးရွာအုပ်စု၊ ရွာကုန်းကျေးရွာ၏
ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ တင်ပြချက်အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| နေ့စွဲ | ၅.၁၂.၂၀၀၉ |
| အစည်းအဝေးစတင်ချိန်ညနေ | ၆း၀၀ နာရီ |
| အစည်းအဝေးပြီးဆုံးချိန် | ၈း၀၀ နာရီ |
| စုစုပေါင်းကြာချိန် | ၂း၀၀ နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | အုပ်ချုပ်ရေးမှူးအိမ် |

အစည်းအဝေးစတင်ချိန်တွင် ဦးစိုးလွင်မှ ကျေးရွာ၏လိုအပ်ချက်များကို ဖော်ထုတ်ကြမည်။ ကျေးရွာသူ/သားများမှလည်း ရွာ၏လိုအပ်ချက်များကို ဝိုင်းဝန်းစဉ်းစားပေးကြပါရန် ပြောသည် လျှပ်စစ်မီးနှင့် ရွာချင်းဆက်လမ်းလည်း လိုသည်ဟု ဦးဝင်းရွှေမှ ပြောပါသည်။ လျှပ်စစ်မီးနှင့် ရွာချင်းဆက်လမ်းလည်း လိုသည်ဟု ဦးဝင်းရွှေမှ ပြောပါသည်။ လျှပ်စစ်မီးအတွက် ခန့်မှန်း ကုန်ကျစရိတ်မှာ ၅၀၀ သိန်းကျပ်၊ ပြည်သူ့ထည့်ဝင်မှု ၁၀၀ သိန်းကျပ်နှင့် နိုင်ငံတော်မှ သိန်း ၃၀၀ကျပ် နိုင်ငံခြားအထောက်အပံ့ သိန်း ၁၀၀ကျပ် စုပေါင်း ၅၀၀ သိန်းခန့်ကုန်ကြနိုင်မည် ဖြစ်သည်ဟု ခန့်မှန်းခဲ့ကြသည်။ ရွာချင်းဆက်လမ်း၏ ခန့်မှန်းကုန်ကျငွေမှာ သိန်း ၄၀၀ ကျပ်ဖြစ်ပြီး ပြည်သူလူထုမှ လုပ်အားပါဝင်မည် ဖြစ်သည်။ ဆေးဝါးပစ္စည်းနှင့် ဆေးဆရာမလည်း လိုအပ်သည်ဟု ဦးခင်မောင်ဒွေး မှပြောပါသည်။ မိမိတို့ကျေးရွာသည် တောင်သူအများစု လုပ်ကိုင်ကြသည့် အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် နည်းပညာလိုအပ်သည်ဟု ဦးကျော်မြင့်ဆွေမှ ပြောပါသည်။ စာသင်ကျောင်း အုတ်တံတိုင်းလည်း လိုအပ်သည်။ ကျေးရွာတွင်လမ်းနှင့် အားကစားကွင်းလည်း လိုအပ်သေး သည်ဟု ပြောကြရာတွင် အားကစားကွင်းအတွက် သိန်း ၅၀ ကျပ်ခန့်မှန်းကုန်ကျနိုင်သည်ဟု တွက်ချက် ၍ စည်းဝေးပွဲကို ပြီးဆုံးစေခဲ့သည်။

### မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်အုပ်စု၊ ရွာကုန်းကျေးရွာ၏
### လူမှုကာကွယ်စောင့်ရှောက်မှု ညွှန်ကိန်းသုံးသပ်ချက်

၅.၁.၂၀၀၇

၁ <u>ခေါင်းဆောင်မှု အမျိုးသား</u>

ရွာကုန်းကျေးရွာတွင် ခေါင်းဆောင်မှု၌ အမျိုးသားများသည် ၈၀% ခေါင်းဆောင်နေခြင်းမှာ မိသားစု အတွက်ဆောင်ရွက်သော်လည်းကောင်း၊ သာရေးနာရေးသော်လည်းကောင်း၊ ရပ်ရွာဖွံ့ဖြိုးရေးတို့တွင် ဦးဆောင်မှုများခြင်း တို့ကြောင့် ဖြစ်သည်။

<u>ခေါင်းဆောင်မှု အမျိုးသမီး</u>

ရွာကုန်းကျေးရွာတွင် အမျိုးသမီးခေါင်းဆောင်မှုမှာ ၂၀% ဖြစ်နေခြင်းမှာ မိသားစု အတွက်တွင်လည်း အမျိုးသားများ၏ လမ်းညွှန်မှုအောက်တွင်နေကြခြင်း၊ သာရေးနာရေးတို့တွင်လည်း စီမံခန့်ခွဲမှု အားနည်းခြင်း၊ ရပ်ရွာဖွံ့ဖြိုးရေးတို့တွင်လည်း ခေါင်းဆောင်မှုတွင် တွန့်ဆုတ်၍ နေကြခြင်း တို့ကြောင့်ဖြစ်သည်။

၂ <u>ဝင်ငွေရှာဖွေနိုင်မှု</u>

ရွာကုန်းကျေးရွာတွင် အမျိုးသားများသည် ဝင်ငွေရှာဖွေကျပ်နိုင်မှု ၇၀% ထားရခြင်းမှာ ကျေးရွာ တွင်း၌သော်လည်းကောင်း၊ အခြားရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာတို့တွင်လည်း လုပ်အားခ မှာ အမျိုးသမီး များထက်ပို၍ရခြင်းတို့ကြောင့် သတ်မှတ်နိုင်ခြင်းဖြစ်သည်။

ရွာကုန်းကျေးရွာရှိ အမျိုးသမီးများ၏ဝင်ငွေရှာဖွေနိုင်မှု ၅၀% သတ်မှတ်ရခြင်းမှာ (ဥပမာ တစ်မနက် ခင်းလုပ်အားခမှာ အမျိုးသမီးသည် ၁၅၀၀ကျပ်ရပြီး အမျိုးသားမှာ ၂၀၀၀ ကျပ်ရ ရှိခြင်း တို့ကြောင့် ဖြစ်သည်။) လုပ်အားလုပ်နိုင်ခြင်းကွာခြင်းတို့ကြောင့်ဖြစ်သည်။

၃ <u>အိမ်မှုကိစ္စ</u>

ရွာကုန်းကျေးရွာတွင် အမျိုးသားများသည် အိမ်မှုကိစ္စ၌ ၂၀% သတ်မှတ်ရခြင်းမှာ ထွန်ကိုင်၊ ထန်းတက်၊ ယာထိုးအားစိုက်၍ လုပ်ကိုင်ရခြင်းတို့ကြောင့် အိမ်မှုကိစ္စမှာ နည်းရခြင်းဖြစ်သည်။

ရွာကုန်းကျေးရွာရှိ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စတွင် ၈၀% သတ်မှတ်ရခြင်းမှာ အမျိုးသမီး တို့သည် အစဉ်အလာရသော်လည်းကောင်းထွန်ကိုင်မှုနည်းခြင်း၊ ထန်းမတက်နိုင်ခြင်း၊ အိမ်နေမြဲခြင်း စသည် တို့ကြောင့် အိမ်မှုကိစ္စတို့တွင် ပိုမိုလုပ်ကိုင်နိုင်ခြင်းတို့ဖြစ်သည်။

၄ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ရွာကုန်းကျေးရွာတွင် အမျိုးသားများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ၇၀% သတ်မှတ်ခြင်းမှာ အိမ်ထောင်ဦးစီးမှာ အမျိုးသားဖြစ်ခြင်းတို့ကြောင့် လယ်၊ ယာ၊ စက်၊ ရွှေထည်စသည်တို့ဝယ်ရာတွင်

Scanned by CamScanner

အိမ်ထောင်ဦးစီးအမျိုးသားဖြစ်ပါက ၎င်းအမျိုးသား၏အမည်ပေါက်ဖြင့်သာ မှတ်ပုံတင်ခြင်း ပစ္စည်းဥစ္စာ ရောင်းဝယ်ရာတို့တွင် အမျိုးသား၏သဘောဆန္ဒဖြင့် လွှမ်းမိုးထားခြင်း တို့ကြောင့် ဖြစ်ပါသည်။

ရွာကုန်းကျေးရွာတွင် အမျိုးသမီးများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ၂၀% သတ်မှတ်ရခြင်းမှာ ယာ၊ လယ်၊ မြေ၊ စက်ပစ္စည်း၊ ကုန်ရောင်းကုန်ဝယ်၊ ပစ္စည်းအမည်ရေးရာတွင် ယောကျာ်းများ၏ အမည်ကိုသာ ရေးလေ့ရှိသည်။ အကြောင်းမှာ ရိုးရာဓလေ့ဖြစ်ခြင်းတို့နှင့် ဆက်နွယ်နေပါသည်။

၅ လုံခြုံမှု

ရွာကုန်းကျေးရွာတွင် အမျိုးသားများ၏လုံခြုံမှု ၇၀% ထားရခြင်းမှာ ခရီးသွားရာ၌ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းလိုက်နာမှုနည်းခြင်းကြောင့် အန္တရာယ်ရှိနိုင်သလို ရွှေ့ပြောင်း လုပ်ကိုင်ရာတွင်လည်း လုပ်ခများ ခေါင်းပုံဖြတ်ခံရခြင်းနှင့် ပြည်ပသွားရောက်လုပ်ကိုင်သော်လည်း လူပွဲစားတို့နှင့်တွေ့ပြီး ဒုက္ခကြုံရခြင်း တို့ကြောင့်ဖြစ်သည်။

ရွာကုန်းကျေးရွာတွင် အမျိုးသမီးများ၏လုံခြုံမှု ၃၀% သတ်မှတ်ထားခြင်းမှာ ပတ်ဝန်းကျင်မှ ကြားရသောသတင်းများ၊ အွန်လိုင်းပေါ်မှ ဖြားယောင်းခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင် စားသောက်ရ ခြင်း တို့တွင် စိုးရိမ်ထိတ်လန့်နေခြင်းတို့ကြောင့်ဖြစ်ပါသည်။

၆ ပညာတတ်မြောက်မှု

ရွာကုန်းကျေးရွာတွင် အမျိုးသားများ၏ ပညာတတ်မြောက်မှုနှုန်း (၁၀%)ရာခိုင်နှုန်း ထားရခြင်းမှာ ယခင်ရှေးက ဘုန်းတော်ကြီးသင်ပညာရေးမှာ နေခဲ့ရပြီးနောက် ၁၉၈၀ခုနှစ် (ခန့်မှန်း) မှစတင်ပြီး အခြေခံ ပညာကျောင်းစတင်တည်ထောင်နိုင်ခြင်းကြောင့် ပညာရေးနောင့်နေးပြီး အလယ် တန်းနှင့် အထက်တန်းမှာ ၂မိုင်ကျော်မျှဝေးသော ကျောက်ဆောက်သို့ သွားပညာသင်ရခြင်း တို့ ကြောင့် စီးပွားရေးအခြေအနေအရ သင်ယူနိုင်ခြင်း၊ အားနည်းသည့်အတွက် ပညာတတ်နှုန်း နည်းရခြင်းဖြစ်သည်။ ယခုအချိန်မှာ အမျိုးသား/သမီး တန်းတူဖြစ်နေပါပြီ။

ရွာကုန်းကျေးရွာတွင် အမျိုးသမီးများသည် ပညာတတ်မြောက်မှုနည်းရခြင်းမှာ ဘုန်းတော်ကြီးသင် ပညာရေးခေတ်မှာ သင်ယူမှုနည်းရခြင်းနှင့် အခြေခံပညာမူလတန်းကျောင်းမှာ ( )နှစ်မှ ဖွင့်နိုင်ခြင်း၊ အလယ်တန်း၊ အထက်တန်း၊ အခက်အခဲရှိခြင်း၊ စီးပွားရေးအခြေအနေအရ မတတ်ရောက်နိုင်ခြင်း၊ ထို့ကြောင့် (၁၀%)သတ်မှတ်ထား ရခြင်း ဖြစ်ပါ သည်။ ယခုအချိန်တွင် အမျိုးသား/သမီးတန်းတူ ဖြစ်နေပြီဖြစ်ပါသည်။

၇။ ရပ်ရွာတွင်ဆုံးဖြတ်ချက်ချနိုင်မှု

ရွာကုန်းကျေးရွာတွင် အမျိုးသားများ၏ ဆုံးဖြတ်ချက်ချနိုင်မှု (၇၀%)ထားနိုင်ခြင်းမှာ ဦးဆောင်နိုင်ခြင်း အတွေ့အကြုံများခြင်း၊ တာဝန်ယူနိုင်ခြင်းတို့ဖြစ်သည်။

Scanned by CamScanner

ရွာကုန်းကျေးရွာတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချနိုင်မှု (၄၀%) ထားရခြင်းမှာ ဦးဆောင်လိုစိတ် နည်းခြင်း၊ အတွေ့အကြုံနည်းခြင်း၊ စိုးရိမ်စိတ်များခြင်းတို့ကြောင့် ရပ်ရွာတွင်ဆုံးဖြတ် ချက်ချနိုင်မှု အားနည်းရခြင်း ဖြစ်သည်။

၈။ <u>အရင်းအမြစ်လက်လှမ်းမှီသုံးစွဲနိုင်မှု</u>

ရွာကုန်းကျေးရွာတွင် အမျိုးသားများသည် အရင်းအမြစ်ပေါ် လက်လှမ်းမှီသုံးစွဲနိုင်မှု (၆၅%) သတ်မှတ်ခြင်းမှာ အမျိုးသားများသည် ကွမ်းစား၊ဆေးသောက်၊ ယာမန်ကာသောက်ခြင်း၊ ငွေသုံးလွယ်ခြင်း၊ ပွဲလမ်းသဘင်သွားလာခြင်း၊ တယ်လီဖုန်းသုံးခြင်း၊ လူမှုရေးများခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရွာကုန်းကျေးရွာတွင် အမျိုးသမီးတို့၏ အရင်းအမြစ်ပေါ်သုံးစွဲနိုင်ခြင်းမှာ (၃၀%) သာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မူးရစ်သေစာသောက်စားမှုမရှိခြင်း၊ ပွဲလမ်းသဘင်အသွား အလာနည်းခြင်း၊ လူမှုရေး ကိစ္စနည်းခြင်း၊ ငွေကုန်မှာတွန့်ဆုတ်ခြင်း၊ တယ်လီဖုန်း အသုံးနည်း ခြင်းစသည်တို့ကြောင့်ဖြစ်သည်။

၉။ <u>ပူပေါင်းပါဝင်မှု</u>

ရွာကုန်းကျေးရွာတွင် အမျိုးသားများသည် မိသားစုစီးပွားရေးလုပ်ငန်း၊ သာရေးနာရေးကိစ္စ၊ ရပ်ရွာအကျိုး၊ အများအကျိုးတို့တွင် အမျိုးသမီးများနှင့် ပူးပေါင်းကာ ဆောင်ရွက်နိုင်ခြင်း တို့ ကြောင့် (၅၀%) ပူးပေါင်းပါဝင်ကြောင်းသတ်မှတ်ပါသည်။

ရွာကုန်းကျေးရွာရှိ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု (၄၀%)သတ်မှတ်ပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် မိသားစုအတွက်သော်လည်းကောင်း၊ ယခုအခါသာရေးနာရေး၊ ဘာသာရေးနှင့် လူမှုကိစ္စ အဝဝတို့တွင် အမျိုးသားများနှင့် ပူးပေါင်းကာ ပါဝင်လုပ်ကိုင်ဆောင်ရွက်နေ ကြခြင်းတို့ကြောင့်ဖြစ်ပါသည်။

၁၀။ <u>အလုပ်အကိုင်အခွင့်အလမ်း</u>

ရွာကုန်းကျေးရွာတွင် အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်း၌ (၈၀%) သတ်မှတ်ပါသည်။ အကြောင်းမှာ ထွန်ကိုင်၊ ယာထိုး၊ လက်သမား၊ ပန်းရံ၊ ထွန်းတတ်စသည့် အလုပ်များကိုလဲလုပ်နိုင်ခွင့်ရှိပါသည်။ အခြားမြို့ ရွာများသို့လည်း သွားရောက်လုပ်ကိုင်နိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့လည်း သွားရောက် လုပ်ကိုင် နိုင်ပါသည်။ မိဘများကလည်း ယောကျာ်းလေးများကို တစ်ခြားသွားရောက်ခြင်းကို လွယ်ကူစွာခွင့်ပြုကြပါသည်။ အစိုးရဝန်ထမ်း ဝင်ရောက်လုပ်ကိုင်ရာ တွင်လည်း အမျိုးသမီးများထက် အခွင့်သာခြင်းတို့ဖြစ်ပါသည်။

ရွာကုန်းကျေးရွာတွင် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်း (၆၀%)သတ်မှတ်ရခြင်းမှာ ကျေးရွာတွင်းမှာလဲ အမျိုးသားများမလုပ်သည့် အလုပ်လုပ်ကိုင်ရခြင်း၊ အခြား ရွှေ့ပြောင်း

Scanned by CamScanner

လုပ်ကိုင်ရာ တွင်မိဘများက အရွယ်ရောက်သော မိန်းကလေးများကို အုပ်ထိန်းသူနှင့် ဝေးဝေး မနေစေ လိုခြင်းပြည်ပ နိုင်ငံများသို့လည်း စိုးရိမ်စိတ်ဖြင့် အလုပ်လုပ်ရန်မလွှတ်ကြပါ။

အမျိုးသမီးများသည် နိုင်ငံ့ဝန်ထမ်းလျှောက်ထားရာတွင်လည်း အမျိုးသားများနှင့် တန်းတူ အခွင့်အရေးမရှိကြောင်းသိရပါသည်။ ကုမ္ပဏီအလုပ်များလျှောက်ထားရာတွင်လည်း ပညာအရည်အချင်း တွင်မက ရုပ်ရည်အသင့်အတင့်ရှိရမည်ဟု သတ်မှတ်ကြခြင်းကြောင့် အမျိုးသမီးများမှာ အမျိုးသားများနှင့် အလုပ်အကိုင်အခွင့်အလမ်းတန်းတူမရနိုင်ကြောင်းတွေ့ရပါသည်။

**အစည်းအဝေးမှတ်တမ်း**

နေရာ - - - - - ရွာကုန်းကျေးရွာ၊ ဆိတ်ဆင်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊

အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်။ ။ကျေးရွာလူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား

နေ့စွဲ။ ။၅.၁၂.၂၀၁၉ အစည်းအဝေးစတင်ချိန် - နေ့လည်(၁၂)နာရီ

အစည်းအဝေးကျင်းပသည့်နေရာ - ဆေးပေးခန်း ပြီးဆုံးချိန် - ညနေ(၃)နာရီ

ပံ့ပိုးသူအမည် - ဦးစိုးလွင် ကြာချိန် - (၃)နာရီ

ကျေးလက်ဖွံ့ဖြိုးရေးလူငယ်ဦးစိုးလွင်မှ အစည်းအဝေးတတ်ရောက်လာသောသူများအားကြိုဆိုကာ ကျေးရွာလိုအပ်ချက်အကောင်အထည်ဖော်ဇယားနှင့် လူမှုကာကွယ်ရေးစောင့်ရှောက်မှုအခြေအနေပြဇယား ရေးဆွဲရ ခြင်းရည်ရွယ်ချက်ကိုရှင်းပြပါသည်။ ဦးစိုးလွင်မှ ကျေးရွာသူ/သားများအား သူတို့၏ အချိန်ကို တောင်း ဆိုပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဌေးမှ ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ ဖြိုးရေး ဖြစ်သည့်အတွက် အချိန်ပေး မည်ဟု ပြောကြား ပါသည်။

ဦးစိုးလွင်မှ ရပ်ရွာလူထုအား ကျေးရွာတွင် လိုအပ်ချက်အကောင်အထည်ဖော်ဇယားနှင့် လူမှုကာကွယ် စောင့် ရှောက်မှုအခြေအနေပြဇယားတို့ရေးဆွဲကြပါသည်။ ဦးမြင့်မောင်မှ ကျေးရွာတွင် လျှပ်စစ်မီး၊ ရွာချင်းဆက် လမ်း များ လိုအပ်တာပြောပြီး လူမှုကာကွယ် စောင့်ရှောက် မှုဇယား တွင်ဝင်ငွေရှာဖွေနိုင်မှုမှာ အမျိုး သမီးများ ထက် ပိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ဒီနေ့ဆွေးနွေးသွားသည့်အကြောင်းအရာများကို ပြန်ချုပ်ရရင် ကျေးရွာလိုအပ်ချက်များ အမျိုးသား/ သမီး တန်းတူအခွင့်အရေးရရန် ဆွေးနွေးပေးသည့်အတွက် ကျေးဇူးအများကြီး တင်ပါသည်။

Scanned by CamScanner

မှတ်တမ်းရေးသူအမည် - ဦးစိုးလွင်　　　　ခေါင်းဆောင်အမည် -ဦးစိုးလွင်

လက်မှတ် -　　　　လက်မှတ် -

## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မြိုင်မြို့နယ် ဆိတ်ဆင်းကျေးရွာအုပ်စု ရွာကုန်းကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား သုံးသပ်ချက်

ရက်စွဲ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဆိတ်ဆင်းအုပ်စု ရွာကုန်းကျေးရွာတွင် အိမ်ခြေ ၁၂၅ အိမ်ထောင်စု ၁၂၀ ကျား ၁၆၁ မ ၃၃၁ ဦးရှိပါသည်။

၁။ ၁၉၈၈/၁၃၅၀ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး နိုင်ငံရေး ဆူပူမှု ဖြစ်ပေါ်ခဲ့ပြီး ရွာကုန်းကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများလည်း နိုင်ငံ၏ အုပ်ချုပ်မှု အာဏာမထိရောက်၍ လုံခြုံမှုမရှိ စိုးရိမ်ထိတ်လန့်စွာ နေခဲ့ကြရပါသည်။ ကျေးရွာသူ/သား များသည် ရွာကို လုံခြုံမှုရှိစေရန် ရွာစည်းရိုးများကို ဆူးများဖြင့် ထပ်ကာ လုပ်ဆောင်ရခြင်း ညအချိန်များတွင် ရွာတံခါးဝ၌ အလှည့်ကျ ကင်းစောင့်တာဝန်ယူခဲ့ရပါသည်။

၂။ ၁၉၉၆/၁၃၅၈ ခုနှစ်တွင် ရွာကုန်းကျေးရွာ ရာသီဥတုဖောက်ပြန်၍ မိုးခေါင်ရေရှားခြင်းကြောင့် ကျေးရွာအတွင်းရှိ ကျေးရွာသူ/သား တောင်သူကြီးများ စိုက်ပျိုးထားသော သီးနှံများ မအောင်မြင်ပြီး တိရိစ္ဆာန် များ၏ အစားအစာရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရပါသည်။ကျေးရွာသူ/သားများသည် ရေရှားမှုကြောင့် ရေတွင်းများပြီး ရေပေါသောရွာ၏ တောင်ဘက် (၂)မိုင်ဝေးသော ပိုက်သင်ရွာသို့ လှည်းစည်များဖြင့် သယ်ယူ အသုံးပြု ခဲ့ကြရပါသည်။ မိုးခေါင်မှုကြောင့် သီးနှံများမအောင်မြင်ပြီး စီးပွားရေး မကောင်း၍ ပြောင်းဖူးစေ့တို့ကို ဝယ်ယူ၍ ချက်ပြုတ်စားသောက်ခဲ့ကြရသည်။ ကျေးရွာသူ/သားများ၏ တိရိစ္ဆာန် အစားစာများကိုလည်း ထန်းပင်ငယ်၏ အူတိုင်းနှင့် နာနတ်ပင်အူတိုင်တို့ကို စဉ်းပြီး နွားစာအဖြစ် ကျွေးခဲ့ရပါသည်။

၃။ ၂၀၁၀/၁၃၇၂ ခုနှစ်တွင် ရွာကုန်းကျေးရွာ၌ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ရေကြီး ရေလျှံမှုကြောင့် စိုက်ပျိုးထားသော သီးနှံများ ရေလွှမ်း၊ သဲထိုးမှုဖြစ်ပြီး ဧက ၅၀ပျက်စီးခဲ့ပါသည်။ မိုးများသည်းထန်စွာ ရွာသွန်း မှုကြောင့် တိရိစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့ ရပါသည်။ ကျေးရွာသူ/သား များ၏ ဆုံးရှုံးမှုကို ကွမ်းခြံကုန်းမြို့ ဓမ္မိကာရုံ ကျောင်းတိုက် နာယကဆရာတော်မှ ကူညီ ထောက်ပံ့ပေးခြင်း ကျေးရွာသူ/သားများ ကိုယ်ထူကိုယ်ထပြန်လည်လုပ်ဆောင်ခဲ့ရပါသည်။

၄။ ၂၀၁၆/၁၃၇၈ ခုနှစ်တွင် မြေလျောင်လှုပ်ခတ်ခဲ့ခြင်းကြောင်း ရွာကုန်းကျေးရွာအတွင်းရှိ တောင်သူဦးကြီးများ စိုက်ပျိုးထားသော သီးနှံများ မြေဆီလွှာရွေ့လျား၍ အထွက်နှုန်း လျော့ကျ ခဲ့ရပါသည်။ တောင်သူဦးကြီးများ သီးနှံအထွက်နှုန်းလျော့ကျ၍ အရှုံးပေါ်ခဲ့ရပြီး အတိုးချေး ယူသုံး စွဲခဲ့ကြရပါသည်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ ။ ။ရွာကုန်းကျေးရွာ၊ ဆိတ်ဆင်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်။ ။ ထူးခြားဖြစ်စဉ်ဇယားနှင့် အနာဂတ်မျှော်မှန်းချက်ပြမြေပုံဆွဲရန်

နေ့စွဲ ။ ။၂၀.၁၂.၂၀၁၆

အစည်းအဝေးစတင်ချိန် - နေ့လည် ၁၂နာရီ

အစည်းအဝေးကျင်းပသည့်နေရာ - ဆေးပေးခန်း

ပြီးဆုံးချိန် -ညနေ ၃နာရီ

ကျေးလက်ဖွံ့ဖြိုးရေး လူငယ်ဦးစိုးလွင်မှ အစည်းအဝေးတက်ရောက်လာသူများအား ကြိုဆိုကာ ထူးခြားဖြစ်စဉ်ဇယားနှင့် အနာဂတ်ရည်မှန်းချက်ပြ မြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်တို့ ရှင်းပြပါသည်။ ဦးစိုးလွင်မှ ကျေးရွာသူ/သားများအား သူတို့၏ အချိန်များကို တောင်းဆိုပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဌေးမှ ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရမည်ဟု ပြောကြားပါသည်။

ဦးစိုးလွင်မှ ရပ်ရွာလူထုအား ကျေးရွာတွင် ထူးခြားဖြစ်စဉ်ဇယားနှင့် အနာဂတ်မျှော်မှန်းချက်ပြမြေပုံကို ဆွဲကြပါသည်။ ဦးရွှေအောင်မှ ကျေးရွာတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုနှင့် အနာဂတ်တွင် လမ်းအောင်လျှင် ဘယ်လိုအကျိုးသက်ရောက်မှု ရှိသည်ကို ကျေးရွာသူ/သားများနှင့် ဆွေးနွေးကြပါသည်။

ဒီနေ့ဆွေးနွေးသွားသည့် အကြောင်းအရာများကို ပြန်ချုပ်ရလျှင် ကျေးရွာတွင် ထူးခြားဖြစ်စဉ်နှင့် ပက်သက်ပြီး ခုနစ်များ အနာဂတ်တွင်ဖြစ်နိုင်မည့်အကြောင်းအရာများကို ဆွေးနွေးပေးသည့်အတွက် ကျေးဇူးကြီး အများကြီးတင်ပါသည်။

မှတ်တမ်းရေးသူအမည် - ဦးစိုးလွင်

လက်မှတ် -

ခေါင်းဆောင်သူအမည် - ဦးစိုးလွင်

လက်မှတ် -

**အစည်းအဝေးတက်ရောက်သူများစာရင်း**

၁။ ဦးဝင်းအောင်

၂။ ဦးစိုးလွင်

၃။ ဦးခင်မောင်ဌေး

၄။ ဦးဝင်းရွှေ

၅။ ဦးရွှေအောင်

၆။ ဦးစံမြင့်

၇။ ဦးဖားဆယ်

၈။ ဦးသောင်းစိုး

၉။ ဦးကျော်စိုး

၁၀။ ဦးကျောက်ခဲ

၁၁။ ဦးဖါးဒန်

၁၂။ ဦးဗိုလ်နိုင်

၁၃။ ဦးဆန်းဝင်း

၁၄။ ဦးမြင့်မောင်

၁၅။ ဦးဝင်းမြင့်

၁၆။ ဒေါ်ဇင်မာဆွေ

၁၇။ ဒေါ်အေးနိုင်

၁၈။ ဒေါ်မြင့်ကြိုင်

၁၉။ ဒေါ်မြိုင်

၂၀။ ဒေါ်ဂျပ်ပြား

**မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းအုပ်စု၊ ရွာကုန်းကျေးရွာ၏ ရာသီစွင်ပြဇယား**

**အစီရင်ခံစာ**

ရာသီဥတု။ ။ ရွာကုန်းကျေးရွာတွင် တန်ခူးလမှ နေပြင်းပြင်းပူတတ်ပြီး ကဆုန်လပြည့်နေ့ကျော်ပါက မိုးစရွာတတ် ပါသည်။ ဝါခေါင်လတွင် မိုးခေါင်ပြီးတော်သလင်းမှ ပြန်လည်မိုးရွာ လေ့ရှိသည်။ သီတင်းကျွတ်လမျာ မိုးများပြီး၊ တန်ဆောင်မုန်းလွှန်းမှာ မိုးဖွဲဖွဲရွာသည်။ နတ်တော်လမှာ ချမ်းအေး၍ မီးလှုံရပြီး ပြာသိုလထိအေးချမ်းလေ့ရှိသည်။ တပို့တွဲလမှာ နေစပူလာပြီး တပေါင်းလမှာ နေပူပြင်းလာပါသည်။

ဘာသာရေး။ ။ ရွာ ကုန်းကျေးရွာတွင် တန်ခူးလမှ သင်္ကြန်ပွဲရှိပြီး အကျနေ့မှ ဆွမ်းလောင်းပွဲရှိပြီး အခြားကျေး ရွာများမှ လည်း လာရောက်လေ့ရှိပါသည်။ သင်္ကြန်အကြပ်နေ့ နေ့လည်တွင် သက်တော်ရာဘုရားနှင့် ဘုန်းကြီး ကျောင်းသို့ ရေအိုးများဖြင့် ရေရွတ်ပြီး ရေသွင်းပွဲဆင်နွဲလေ့ရှိပြီး မုန့်ဟင်းခါးပေါင်မုန့် စလေဖီးအချိုရည် လက်ဘက်စသည်တို့ကို မဏ္ဍပ်များအဖွဲ့လိုက်ဖြင့် စေတနာဒီတာ ကျွေးမွေးဧည့်ခံလျှက်ရှိရာ အနီးနားကျေးရွာများမှ လည်း လာရောက်ပြီးပါဝင်ဆင်နွဲလျှက်ရှိပါသည်။

သကြံန်အတက်နေ့မှာ ဆွမ်းလောင်းပွဲတော်ကို သက်တော်ရာ ဘုရားဝိုင်းတွင်းသို့ ညတွင် နစ်ကူး အခါတော်အဖြစ် ညဥ့်သုံးယံပရိတ်တော်ကို ဆရာတော်များမှ ရွာလည်မဏ္ဍပ် တွင် ရွက်ဖက် ပူဇော် လေ့ရှိပါသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့အဖြစ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို နေ့လည်ပိုင်းအချိန်မှာ ကျင်းပ လေ့ရှိပါသည်။

ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်နှင့် ဝါဆိုပန်းကပ်လေ့ရှိပါသည်။ တစ်နိုးတည်းသော်ငှင်း စုပေါင်း၍ သော်ငှင်းပြုလုပ်လေ့ ရှိပါသည်။

ဝါခေါင်မှာ ဆုတောင်းပြည့် ဆုတောင်းရ မိုးကောင်းဓာတ်ပေါင်းစု ကောင်းမှုတော် ဘုရားပွဲ ကျင်းပလေ့ရှိပါသည်။ ပုံမှန်အားဖြင့် ဝါခေါင်လဆန်း(၁၀)ရက်နေ့ဖြစ်ပြီး အနီးနားကျေးရွာများမှ ဗုဒ္ဓဘာသာဝင် များလဲ လာရောက်ခါ ကုသိုလ်ပြုကြသည်။

တော်လသင်းလမှာ သက်တော်ရာဘုရားနှင့် သက်တော်ရှည်ဘုရားပွဲကို တော်သလင်းလ ပြည့် နေ့ကျင်းပလျှက်ရှိရာ ရွာကုန်း၊ အိုးသစ်၊ ရွာသစ်၊ ကျောက်တိုင် ၊ ကိုင်းကန် ယင်းတိုက်ပင် ကံလုပဟူ၍ (၇) ရွာဆိုင်ဘုရားပွဲအဖြစ် ရှေးယခင်မှသည် ယခုခေတ်တိုင်အောင် သဝိတ်လုံးများဖြင့် သံဃာတော် အရှင်သူ မြတ်တို့အား မဲဖောက်စနစ်ဖြင့်လှူဒါန်းလျှက် ရှိကြရာ အခြားသော မြို့ရွာများ မှလဲ ကြွရောက်လာကြပြီး ဒေသခံရွာများမှ အရပ်ဇာတ် တီးဝိုင်းတို့ဖြင့် ပွဲတော်ကို နွဲပျော် လေ့ရှိကြ သည်။

သီတင်းကျွတ်လမှာ မီးထွန်းပွဲရှိပါသည်။ တစ်ဦးချင်းသော်ငှင်း စုပေါင်း၍သော်ငှင်း လျှက်စစ် (အင်ဂျင်) မီး၊ ဖရောင်းတိုင်မီးတို့ဖြင့် စီတန်းကာ လိုက်ပါကြပြီး လှူဒါန်းလေ့ရှိပါသည်။ အလှူရှင်များမှ လက်ဘက်၊ သကြားလုံး၊ဇီးဖြူသီးသုပ်၊ မဲပေါက်၍လည်း လက်ဆောင်ပစ္စည်းတို့ပေးလေ့ရှိကြသည်။

တန်ဆောင်မုန်းလမှာ ကထိန်သင်္ကန်းကပ်ပွဲရှိပါသည်။ စုပေါင်းကထိန် (သို့) တစ်ဦးတည်း ကထိန် စသည်ဖြင့် ပြုလုပ်လေ့ရှိပါသည်။ လွန်ခဲ့သော နှစ်များမှာ တန်ဆောင်မုန်းလပြည့်ညမှ မသိုးသင်္ကန်း ယက်လုပ်လှူဒါန်းလေ့ရှိသည်။ ညတွင်းချင်းဝါမှချည်ပင်၊ ချည်ပင်မှ အထည်ယက် အထည်မှ အနီရောင် ဆေးဆိုးပြီး မိုးမလင်းခင်အပြီး လက်ယက်လှူဒါန်းချင်းကို မသိုးသင်္ကန်းဟု ခေါ်တွင်ကြသည်။ ယခု မပြုလုပ် သည်မှာ (၁၀)နှစ်ကျော်လောက်ရှိနေပြီး အကြောင်းမှာ ဝါမရှိ ချည်ငှင်သော ဗိုင်းရစ်ချည်သေသောခြား၊ စသည့် ယက်ကန်းသုံးပစ္စည်းများ ရောနည်း ပျောက် ကွယ်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ညကို ခဲထုညဟုလည်း ခေါ်လေ့ ရှိကြသည်။ အကြောင်းမှာ ပျော်ပွဲစားရန် ပိုက်ဆံ၊ မုန့်၊ စားစရာတစ်ခုခု မပေးလျှင် အိမ်အမိုးပေါ်သို့ သရက်ပန်းမှုန့်သီး၊ ဇီးဖြူသီး၊ ကဆစ်သီးတို့ဖြင့် ထုကြသည်။ ထို့ကြောင့် ခဲထုည ဟုခေါ်တွင်ကြ သည်။

တပို့တွဲလမှာ ထမင်းနဲပွဲတော်ရှိပါသည်။ သက်တော်ရာဘုရားပွဲသို့ ရွာကုန်းအိုးပြွန်၊ ရွာသစ်၊ ကျောက်တိုင်၊ ကိုင်းကန်၊ ယင်းတိုက်ပင် ကံလု အစရှိသော (၇)ရွာမှ ဒါယကာ၊ ဒါယိကာမတို့မှ အမာခံ ထားလျှက် အခြားမြို့ရွာများမှလည်း လာရောက်ကာ စုပေါင်းလောင်းလှူ လျှက်ရှိပါသည်။

Scanned by CamScanner

လပေါင်းလမှာ ဇာတ်ကျောင်းမှူးပီဝင်လျှင် ပဟာကုန်မြန်ကျည်းစေတဲ့ကျောင်းဆရာတော် ဦးစိန်ငြိမ်း နေ့ရာသီပည့်တော့ လိမ္မာသင်ထန်း၊ ဖွင့်လှစ်သင်ကြားလျှက် ရှိရာ အနီးနားကျေးရွာများမှ ကလေးငယ်များစွာ လာရောက်သင်ယူလေ့တက်ကြသည်မှာ နှစ်ရာကျော်မျှရှိပါသည်။ တပေါင်းလဆန်း (၃)ရက်နေ့ကို သင်္ကြန်ရ ဘုရားပွဲမှာ ရွှေမိတောင်ကြသည်။ အခါတုန်းကလည်း ခေါ်ကြ သည်။ ကောက်ပဲသီးနှံထည့်သော ရှိ် ပုတ်များ၊ ထဲသို့ ပုန်းမကြီးတင်လေ့ရှိသည်။ မုန့်ဆီကျော် အပေါင်းကျော် ပဲမုန့်စသည်တို့ဖြင့် ပူဇော်ပသခြင်းမျိုးလဲ လုပ်လေ့ရှိသည်။

အစည်းအဝေးမှတ်တမ်း

မနေရာ ရွာကုန်းကျေးရွာ ဆိတ်ဆင်အုပ်စု မြိုင်မြို့နယ် မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် ရာသီစွင်ပြဲဖလားပုံဆွဲရန် နှင့် သုံးသပ်ရန်

နေ့စွဲ။ ၁၅-၁၂-၂၀၁၉ အစည်းဝေးစတင်ချိန် - နေ့လည် ၁၂နာရီ

အစည်းအဝေးကျင်းပသည့်နေရာ ဆေးပေးခန်း ပြီးဆုံးချိန် - ညနေ ၃နာရီ

ပို့ချသူအမည် - ဦးဝင်းအောင် ကြာချိန် - ၃ နာရီ

ကျေးရွာဖွံ့ဖြိုးရေး လူငယ်ဦးဝင်းအောင်မှ အစည်းအဝေးတက်ရောက်လာသူများအား ကြိုဆိုကာ ရာသီစွင်ပြဲဖလား ပုံဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ဦးဝင်းအောင်မှ ကျေးရွာ သူ/ သားများ သူတို့၏ အချိန်များကို တောင်းဆိုပါသည်။ ကျေးရွာ ဥက္ကဋ္ဌ ဦးစင်မောင်ဌေးမှ ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေး ဖြစ်သည့်အတွက် အချိန်ပေးရမည်ဟု ပြောပါသည်။

ဦးဝင်းအောင်မှ ရပ်ကွက်လူထုအား ၁၂ရာသီရှိသည်ကို ရှင်းပြပြီး ဘယ်လမှာ ဘာသာရေးပွဲ သီးနှံစိုက်ပျိုးကြသည်ကို ပုံဆွဲကြပါသည်။ ဦးမြင့်မောင်မှ သီးနှံပါးများ ကျရောက်တတ်သည့်လ များကိုလည်း ဆွဲရန်ပြောပါသည်။ ထို့နောက် အခြားသော သူများသည် ရွှေ့ပြောင်းလုပ်သား ဝင်ငွေ ထွက်ငွေ စသည်တို့ကို ဆွေးနွေးကြပါသည်။

ဒီနေ့ဆွေးနွေးသွားသည့် အကြောင်းအရာများကို ပြန်ချုပ်ရလျှင် ကျေးရွာ၏ ဘာသာရေး ပွဲတော်များ ဝင်ငွေထွက်ငွေ၊ ရွှေ့ပြောင်းလုပ်သားအားလုံးကို အချိန်ပေးပြီး ဆွေးနွေးပေး သည့်အ တွက် ကျေးဇူးအများကြီးတင်ပါသည်။

မှတ်တမ်းရေးသူအမည် - ဦးစိုးလွင် ခေါင်းဆောင်အမည် - ဦးဝင်းအောင်

လက်မှတ် လက်မှတ်

Scanned by CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း

၁။ ဦးခင်မောင်ဌေး
၂။ ဦးဝင်းအောင်
၃။ ဦးဖါးဆယ်
၄။ ဦးဆုလွင်
၅။ ဦးရွှေအောင်
၆။ ဦးမြင့်မောင်
၇။ ဦးကျော်မြင့်ရွှေ
၈။ ဦးစံမြင့်
၉။ ဦးဝင်းလှိုင်
၁၀။ ဦးမြရှင်း
၁၁။ ဦးကျော်စိုး
၁၂။ ဦးဖိုးလှ
၁၃။ ဦးဆန်းဝင်း
၁၄။ ဦးကျောက်ခဲ
၁၅။ ဦးကျော်သူ
၁၆။ ဦးဝင်းရွှေ
၁၇။ ဦးဖါးဆိုး
၁၈။ ဦးကြည်
၁၉။ ဦးဖါးနီ
၂၀။ ဒေါ်ဇင်မာဆွေ
၂၁။ ဒေါ်ခင်ဝင်းဌေး
၂၂။ ဒေါ်တင်မယ်
၂၃။ ဒေါ်တင်မယ်
၂၄။ ဦးမြင့်ကြိုင်
၂၅။ ဒေါ်ဂျပ်ပြား
၂၆။ ဒေါ်မြိုင်
၂၇။ ဒေါ်ဇင်မိုးဌေး
၂၈။ ဒေါ်သိန်းဌေး
၂၉။ ဒေါ်ဌေးကြည်
၃၀။ ဒေါ်မော်

Scanned by CamScanner

## မကွေးတိုင်း မြိုင်မြို့နယ် ဆိတ်ဆင်းအုပ်စု ရွာကုံးကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ရက်စွဲ။ ။ ၅.၁၂.၂၀၁၉

### ကျေးရွာမိတ်ဆက်

ရွာကုံးကျေးရွာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် တည်ရှိပြီး ပခုက္ကူ - မြိုင် လမ်းဘေး ကျောက်ဆောင်မြောက်ဘက် ၂မိုင်ကွာ မြိုင်မြို့၏ အရှေ့ဘက်၆မိုင် အနောက်ဘက်ကဲလှ မြောက်ဘက်အိုးပြွန် အရှေ့ဘက်မှ ဒေါင်အိုကြီး ဆိတ်ဆင်းအုပ်စု ရွာကုံးကျေးရွာ တည်ရှိပါသည်။

လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စု အကျယ်အဝန်း

ရွာကုံးကျေးရွာသည် အိမ်ခြေစုစုပေါင်း () အိမ်ရှိ၍ သွပ်မိုးအုတ်နံကာ ( ) ထန်းလျက်မိုးကပ်ကာ ( )ခန့် နေအိမ်အမျိုးအစားများအနေဖြင့် အိမ်ထောင်စုပေါင်းမှာလဲ ( )စုနှင့် လူဦးရေ စုစုပေါင်း (၆၈၂)ဦးရှိ၍ ကျား( )ဦးနှင့် မ( ) အရှေ့အနောက် ရှည်ပြီး လေးထောင့်ပုံသဏ္ဍာန်တည်ရှိပါသည်။

### ရွာကုံးကျေးရွာသူ ရွာသားများ၏ အဓိက အသက်မွေးမှုလုပ်ငန်းများ

ရွာကုံးကျေးရွာသူ/သားများ၏ အဓိကအသက်မွေးမြူရေးလုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျဘန်းလုပ်ငန်းမှာ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး ၁၀၀% မှာ ၆၀% မိသားစုများမှာ စိုက်ပျိုးရေးကို အဓိက အသက်မွေးဝမ်းကြောင်းလုပ်ကိုင်ကြပြီး မိုးရေသောက် ယာမြေဧက ( )နှင့် လယ်မြေဧက ( )တစ်နှစ်လျှင် နှစ်သီးစားလုပ်ငန်းလုပ်ကိုင်ကြ၍ လယ်မြေတွင် တစ်သီးစားလုပ်ကိုင်ကြပါသည်။ ယာမြေဧက ( )တွင် ပဲစိမ်းငုံ၊ မြေပဲ၊ ပဲတီစိမ်းသီးနှံများ စိုက်ပျိုးကြ၍ ၄င်းသီးနှံများ မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရသဖြင့် မိုးလေဝသမှန်ကန်မှု မရှိသော နှစ်များတွင် စိုက်ပျိုးသီးနှံ များ ဖြစ်ထွန်းအောင်မြင်မှု မရရှိဘဲ သီးနှံအထွက်လျော့ကျသဖြင့် ဝင်ငွေမျှော်မှန်းထားသလောက် မရရှိဘဲ စားဝတ်နေရေး အဆင်မပြေသောနှစ်များလဲ တွေ့ကြုံနေကြရသည်။ တောင်သူဦးကြီးများအနေဖြင့် အကြွေးကင်း သည့် တောင်သူမရှိဘဲ အကြွေးသံသရာ လည်ကာ စားဝတ်နေရေး ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တွင် စက်ဝဲပင်ပန်းစွာ ရုန်းကန် ကျော်လွှားနေကြရသည်။

ထို့ကြောင့် ရွာကုံးကျေးစိုက်ပျိုးရေး အဓိကထားလုပ်ကိုင်စားသောက်သော တောင်သူဦးကြီး များ အဆင် ပြေစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများမှ မေတ္တာစေတနာရှေ့ထားကာ အထွက်နှုန်းတိုးစေသော စပ်မျိုးမျိုးကောင်းမျိုးသန့်များကို စပါးနံမျိုးများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေပေးခြင်း၊ စပါး၊နှမ်းစိုက်နည်း စနစ်များကို ဖြန့်ဝေပေးခြင်း၊ အထွက်နှုန်းတိုးစေသော မြေသြဇာ များကို အတိုးနှုန်းကင်းစေသော အကြွေးစနစ်ဖြင့် ဖြန့်ဝေပေးနိုင်လျှင် ရွာကုံးကျေးရွာ စပါး၊ နှမ်း၊ ပဲအထွက်နှုန်းတိုးပွားကာ ဝင်ငွေရရှိပြီး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်

Scanned by CamScanner

အဆင်ပြေစွာကျော်လွှားနိုင်ကြမည်ဖြစ်ပြီး၊ ဖွံ့ဖြိုးသာယာဝပြောသော ရွာကုံးကျေးရွာ အဖြစ် ရောက်ရှိမည်မှာ ဧကန်ဖြစ်ပါသည်။

**မွေးမြူရေး**

ရွာကုံးကျေးရွာသည် သိုး၊ ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်းကိုလဲ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန် သိုး၊ ဆိတ်၊ နွားလုပ်ကိုင်သူဦးရေ (၁၃)ဦးရှိပြီး၊ သိုးဆိတ်အကောင်ရေ (၄၅၀)မွေးမြူကြပြီး၊ သိုး၊ ဆိတ်အကောင်ရေ (၄၀)အုပ်တအုပ်လျှင် (၅.၅)သိန်းခန့် ရရှိပြီး၊ နွားအကောင်ရေ (၄၀)အုပ် တစ်အုပ်လျှင် (၁၅)သိန်း၊ တစ်နှစ်ဝင်ငွေရရှိပြီး၊ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြပါသည်။

သို့သော် သိုးဆိတ်မွေးမြူရေးလုပ်ငန်းအား ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် သိုး၊ ဆိတ် ကြောင်း ရသော လူတစ်ချို့၏ တစ်နှစ်စာဝင်ငွေမှာ (၅)သိန်းခွဲခန့်သာ ရရှိ၍ တစ်လဝင်ငွေမှာ ၄၅၀၀၀ခန့်သာ ရရှိ၍ တွက်ခြေမကိုက်လှကြောင်း သုံးသပ်တွေ့ရသည်။

နွားမွေးမြူရေးလုပ်ငန်းတွင် တစ်နှစ်စာဝင်ငွေမှာ (၁၅)သိန်းခန့်သာ ရရှိ၍ တစ်လဝင်ငွေမှာ ၉၀၀၀၀ခန့်သာ ရရှိ၍ တွက်ခြေမကိုက်လှကြောင်း သုံးသပ်တွေ့ရှိရသည်။ သိုး၊ ဆိတ်၊ နွားမွေးသူများ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် အခြားဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်စေလိုသော ဆန္ဒကြောင့် သိုး၊ ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်းသည် တွက်ခြေမကိုက်သောလည်း လုပ်ကိုင်နေရကြောင်း သိရှိရပါသည်။

ကျဘန်းနေ့စား

ရွာကုံးကျေးရွာတွင် ကျုံရာကျဘန်းစားသောက်ရသော (၆၀%)ရှိပြီး တောင်သူယယ်များလဲ မိသားစု စားဝတ်နေရေး ဝင်ငွေရရှိရန် ကျဘန်းနေ့စားလုပ်သားအဖြစ် လုပ်ကိုင်နေကြရသည်။ ၄င်းကျဘန်းသည် စိုက်ပျိုးရေးလုပ်ငန်းမှ တစ်နေ့လျှင် (၄၀၀၀)ကျပ်နှုန်းဖြင့် အလုပ်အကိုင်ရကြပြီး ကျေးရွာစိုက်ပျိုးရေး လုပ်ငန်းသည် (၃)လလောက်သာ အခွင့်အလမ်းရရှိပြီး အလုပ်မရှိချိန်တွင် အခြားသောဒေသများသို့ သွားရောက်၍ရရာအလုပ်ဖြင့် အသက်မွေးဝမ်းကြောင့် ပြုကြရပါသည်။

ရွာကုံးကျေးရွာ၏ ကျဘန်းနေ့စားအလုပ်သမားများ၏ အခြေအနေကို ပြန်လည်သုံးသပ်ကြည့်ရာတွင် တစ်နေ့ (၄၀၀၀)နှုန်းဖြင့် (၁)လဝင်ငွေမှာ (၁၂၀၀၀၀)ခန့်သာရှိ၍ (၃)လခန့်သာ အလုပ်ရှိပြီး စားသောက်ရေး အတွက် ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် အလွန်ပင်ခဲ ယဉ်းနေကြောင်း တွေ့ရှိရသည်။ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်လျှင် စုဆောင်းထားသော အပိုငွေကြေး မရှိသဖြင့် ကျေးရွာတွင်းမှ ငွေကြေးအဆင်ပြေသူများထံမှ ၁၀၀လျှင် (၅)ကျပ် အတိုးနှုန်းဖြင့်ယူ၍ အသုံးပြုရပါသည်။ ထိုယူထားသော ငွေကြေးများ ပြန်ဆပ်နိုင်ရာမှာ အခြားမြို့ရွာများသို့ သွားရောက်၍ လုပ်ကိုင်ကာ ပြန်ရောက်ရင် အတိုးရော အရင်းပါ ပြန်ဆက်ကြရပါသည်။ ဒီလိုနှင့် ကျဘန်း အလုပ်သမားများတွင် ပြန်ဆက်လိုက် အကြွေးယူလိုက်နှင့် အကြွေးသံသရာနှင့် လည်နေကြရပြီး ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်ပဲ ရှိနေကြလေသည်။

Scanned by CamScanner

ကျဘန်းနေ့စားအလုပ်သမားများသည် ၄င်းတို့အတွက် ဘဝအာမခံချက် ရရှိစေသော အလုပ်အကိုင် မရှိဘဲ ကြုံရာကျဘန်းလုပ်ငန်းများ လုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်းပြုရပြီး ပညာဗဟုသုတ လေ့လာ လိုက်စားနိုင်သော အချိန်ဟူ၍ မရှိဘဲ ၄င်းတို့ဘဝတွင် စားဝတ်နေရေး အတွက် ရုန်းကန်ရသော အချိန်များတွင်သာ ကုန်ဆုံးကြ၍ မိမိဘဝ အဆင်ပြေရေးပင် ခက်ခဲစွာ ရုန်းကန်ကြရသဖြင့် အများကောင်းကျိုးလုပ်ငန်းများ ရပ်ရွာကောင်းကျိုးလုပ်ငန်းများနှင့် ပါဝင်မှု အားနည်းနေသလို တွေ့ရှိရပြီး ကျဘန်းနေ့စားအလုပ်သမားများ ဘဝအဆင်ပြေနိုင် ရေး အတွက် ဘဝအာမခံချက်ရရှိသော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေး နိုင်ရန်လုပ်ငန်း ရင်းနှီး မတည်ငွေများ ထူထောင်ပေးရန် ၄င်းအဖွဲ့လိုက် စုသောစနစ်ဖြင့် လုပ်ငန်းများကို နည်းပေး လမ်းပြရန် လုပ်ဆောင်ပေးနိုင်ရန် ကျဘန်း၊ နေ့စားလုပ်သားများရဲ့ဘဝ၊ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ၌ လွယ်ကူစွာ ကျော်လွှားနိုင်ရန် ပျော်ရွှင်သောဘဝများကို ပိုင်ဆိုင်ကြမည် ဖြစ်ပါသည်။

ကျန်းမာရေး

ရွာကုံးကျေးရွာတွင် အခြေခံ နားလည်တက်ကျွမ်းသော ဆေးဆရာမတစ်ဦး၊ သင်တန်းတက်၊ အရံသား ဖွားတစ်ဦးသာရှိ ကျေးရွာလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှု လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ဘိုးဘွားသက်ကြီးများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပါက မြိုင် - ပခုက္ကူ ဆေးရုံဆေးခန်း များသို့ သွားရောက်ကုသ ရပါသည်။ မြိုင်မြို့နှင့် ၆မိုင်ခန့်ဝေးပြီး ပခုက္ကူမြို့နှင့် (၁၈)မိုင်ခန့်ဝေးပါသည်။ သွားရောက်ကုသရာတွင် လူမှုကူညီရေးအသင်းကားကို အကြောင်းကြားခေါ်ယူရန် ဆိုင်ကယ်များ နှင့်ဖြစ်စေ သွားရောက်ကုသရပြီး ဘိုးဘွားများသည် အသက်ကြီး၍ ဇရာပိုင်းအရွယ်သို့ ရောက်ရှိ လာသည်နှင့်အညီ ရုတ်တရက်သွေးတိုး လေဖြတ်ခြင်း၊ နလုံးရောဂါ၊ ဆီးချို၊ သွေးချိုမှုးဝေမှုများ ဆင်တုတ်ကွေး၊ ကြက်တုတ် ကွေး စသည့်ရောဂါများ ဖြစ်ပွားမှုနှုန်းများသဖြင့် ဘိုးဘွား များ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှု အတွက် ဆေးပေးခန်းဆရာ/ဆရာမ ဆေးဝါးပစ္စည်းများကို အထူးပင် လိုအပ်လျက်ရှိကြောင်း သုံးသပ်တင်ပြ လျက်ရှိပါသည်။

**ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု**

ရွာကုံးကျေးရွာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးရွာနှင့် မြိုင်သို့ (၆)မိုင်ခန့် (သို့မဟုတ်) ပခုက္ကူသို့ (၁၈)မိုင်ဝေးသော ဆေးရုံဆေးခန်းများသို့ သွားရောက်၍ မွေးဖွားကြရပါသည်။ သားဖွားဆရာမတစ်ဦးနှင့် အရံသားဖွားဆရာမ တစ်ဦးရှိ သော်လည်း မလုံလောက်ကြောင်း တွေ့ရှိရပါသည်။

**လူမှုရေးအခြေအနေ**

ရွာကုံးကျေးရွာသူ/သားများသည် ဆက်ဆံရေးကောင်းမွန်၍ စည်းလုံးညီညွတ်မှုအား ကောင်း သော ကျေးရွာ ဖြစ်ပါသည်။ အနီးနားရှိကျေးရွာများနှင့်လဲ ဆက်ဆံရေးကောင်းမွန် သော ကျေးရွာဖြစ်ပြီး ရွာသူ/ သားများ သည် ကျေးရွာဖွံ့ဖြိုးတိုးတက်သော လုပ်ငန်းများ သာရေး၊ နာရေးကိစ္စများတွင်လဲ စုပေါင်း၍ လုပ်ဆောင်တက် သော အလေ့ရှိပြီး လူငယ်အမျိုးသား အဖွဲ့အစည်း

Scanned by CamScanner

အမျိုးသမီး အဖွဲ့အစည်းဖွဲ့စည်းထားကော လူထု အကျိုးဆောင် အဖွဲ့မှ ဆင်းရဲနွမ်းပါးသည့် မိသားစုများ၏ ကျန်းမာရေးကဏ္ဍများ၌ ရပ်ရွာအတွင်းလှည့်လည်ကာ အလှူခံကာ ကျန်းမာရေး မကောင်းသည့် နွမ်းပါးသည့် မိသားစုအား ရရှိလာသော ငွေကြေးများကို ထောက်ပံ့အကူအညီပေးရန် ၄င်းရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ရပ်ရွာ၏အခြားအရေးကိစ္စများတွင် ဦးဆောင်ကာ ဆောင်ရွက်နေကြသည်။ ရွာကုံးကျေးရွာ၏ လူမှုရေးအခြေအနေသည် တစ်ဦးနှင့်တစ်ဦးအမြင် မတူသော ကဏ္ဍများရှိသော်လည်း ရပ်ရွာ၏ အရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

<u>ရွာကုံးကျေးရွာ၏ စီးပွားရေးအခြေအနေမြုပ်နှံသုံးသပ်ခြင်း</u>

ရွာကုံးကျေးရွာသည် မိုးရေတစ်မျိုးထဲကိုသာ အဓိက အားထားရပြီး လယ်မြေ ( )ဧက အားထားရပြီး ယာမြေ ( )ဧက စိုက်ပျိုးနိုင်ပြီး တောင်သူဦးကြီးများအနေဖြင့် မိုးလေဝသ မမှန်သောနှစ်များတွင် လုပ်ကိုင်စားသောက်၍ အဆင်မပြေသောနှစ်များရှိပါသည်။ စိုက်ပျိုးစရိတ်ကြီးမြင့်မှု စိုက်ပျိုးသော သီးနှံများအတွက်နှုန်း လျော့ကျမှုကြောင့် တောင်သူဦးကြီးများမှ အကြွေးများနှင့် လည်ပတ်နေကြရပါသည်။

အခြေခံလက်လုပ်လက်စား ကျဘန်းလုပ်သားများသည်လည်း စားဝတ်နေရေးအတွက် အရင်အချိန် များထက်စာလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိ၍ ဝမ်းစာရေးအတွက် မပူရတော့ဘဲ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် အရေးကိစ္စများတွင် အဆင်ပြေစွာ ကျော်လွှားနိုင်ရန်အတွက် များစွာလိုအပ်နေ သောသေးကြောင်း တွေ့ရှိရသည်။

<u>ကလေးများ၏ကျန်းမာရေးစောင့်ရှောက်မှု</u>

ရွာကုန်းကျေးရွာ၏ ကလေးများ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးရွာဆေးပေးခန်းတွင် သွားရောက်ထိုးနှံရသည်။ သားဖွားဆရာမ (၁)ဦးမှာ ကာကွယ်ဆေးများကို ထိုးနှံပေးပါသည်။ ဆေးခန်းတွင် ဆရာမရောက်လာသည်မှာ မကြာသေးပါ။ ကျေးရွာ၏ လူဦးရေမှာ (၇၈၂)ဦး ရှိပါသည်။ မြို့ပြနှင့် (၆)မိုင်ဝေးကွာသည် အမှန်နေထိုင်မကောင်းဖြစ်ပါက ပခုက္ကူသို့ သွားရောက်ကုသသည်။ ခွဲစိတ်လူနာများရှိပါက ဆားလင်းကြီးဆေးရုံသို့ လည်း သွားရောက်ကုသကြရပါသည်။ ကျေးရွာ၏ကျန်းမာရေးကားများကို အသုံးပြုကြ ရပါသည်။ ကျေးရွာ၏ကျန်းမာရေးကားများကို အသုံးပြုကြရပါသည်။ ကလေးငယ်များတွင်လည်း သွေးလွန်တုပ် ကွေးရောဂါ အနည်းငယ်ဖြစ်ပွားသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများလည်း ၁.၁.၂၀၂၀မှစ၍ အခြားရွာသို့ ကာကွယ်ဆေးသွားရောက်ဆေးထိုးရန်မလိုတော့ပါ။ ကျန်းမာရေးကားများလည်းရှိသည့်အတွက် ယခင်ကနှင့်စာ လျှင် ကျန်းမာရေးစောင့်ရှောက်မှုလွယ်ကူပါသည်။

<u>သောက်သုံးရေရရှိရေး</u>

လွန်ခဲ့သောနှစ်များတွင် ရွာပတ်ဝန်းကျင်ရှိ သောက်သုံးရေကန်များမှ သောက်ရေကို အသုံးပြုခဲ့ရပါသည်။ သောက်သုံးရေကန်များမှ လှည်းရေစည်၊ ဆိုင်းထမ်း၊ ခေါင်းရွက်တို့ဖြင့် သယ်ယူ

Scanned by CamScanner

သောက်သုံးခဲ့သည်။ သုံးရေအဖြစ် ရွာ၏တောင်ဘက်၊ အရှေ့ဘက်၊ အနောက်ရှိ ချောင်းများမှ သုံးစွဲခဲ့ရသည်။ စိုက်ပျိုးရေအဖြစ် မိုးရေဝင်ကန်များကို အသုံးပြုခဲ့ရပါသည်။ ယခုအခါတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားသော စက်ရေတွင်းကို အသုံးပြုနေရပါသည်။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးအဖြစ် ရပ်ရွာမှ မော်တော်ဘုတ်လေးများဖြင့် ဆက်သွယ်သွားလာနေရသည်။ ပခုက္ကူ-မြိုင်လမ်းမကို ရောက်အောင် ချောင်းများဖြတ်ကျော်သွားရပါသည်။ မိုးရာသီတွင် ချောင်းရေများရှိသဖြင့် လမ်းပန်းခက်ခဲစွာ သွားလာရပါသည်။ ကျန်းမာရေး ပညာရေး ကုန်စည် ရောင်းဝယ်ရေးကိုတော့ ပခုက္ကူမြို့သို့ အသွားအလာများခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် သင့်တင့်ပါသည်။

ဘာသာရေး

ရွာကုန်းကျေးရွာ ရွာသူရွာသားများသည် ဗုဒ္ဓဘာသာအား ကိုးကွယ်ကြ၍ ရွာကုန်းကျေးရွာ၏ မဟာနန္ဒီ မန်းကျိုးတော ဘုန်းတော်ကြီးကျောင်း/ကျောင်းထိုင်ဆရာတော်၏ ဗုဒ္ဓ၏အဆုံးအမ ဩဝါဒများကို ခံယူ၍ လိုက်နာ ကျင့်သုံးလျက်ရှိပါသည်။ ဘာသာရေးပွဲတော်များလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပကြပြီး ဘုရားဆွမ်း လောင်းပွဲများ၌လည်း ဆရာတော်သံဃာတော်များအား [illegible] များလည်း လှူဒါန်းမှုပြု လုပ်လျက်ရှိပါသည်။ ကျောင်းထိုင်ဆရာတော်မှ ကိုရင်ငယ်များကို [illegible] စာပေများကိုလည်း သင်ကြားပို့ချလျက် သာသနာတော်ပြန့်ပွားစေရန်ဆောင်ရွက်လျက်ရှိပါသည်။

**မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းကျေးရွာအုပ်စု၊ ရွာကုန်းကျေးရွာ၏လူမှုရေးနှင့် အရင်းအမြစ်ပြု မြေပုံ၏ အစည်းအဝေးမှတ်တမ်း**

| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | ၆း၀၀ | ရက်စွဲ ၅.၁၂.၂၀၁၉ |
| ပြီးဆုံးချိန် | ၈း၃၀ | |
| ပြုလုပ်သည့်နေရာ | အုပ်ချုပ်ရေးမှူးအိမ် | |
| ကြာချိန် | ၂း၃၀ | |

အစည်းအဝေးစတင်ချိန်တွင် မဥမ္မာသန်းမှ မြေပုံရေးဆွဲမယ် အရှိတိုင်း လမ်းတောက် ရင်ကောက် တဲ့အတိုင်း အရှိအတိုင်း ဆွဲမယ်ဟု ပြောပြပါသည်။ ရွာအနောက် ချမ်းအရင်ဆွဲမယ် အနောက်လမ်းဘုရားရှိတယ် ရေတွင်းရှိတယ်ကွာ လမ်းအရှေ့ဘက် ဒေါ်သန်းအေးဟု ကိုချမ်းငွေ ကိုမှ ပြောပါသည်။ ဦးရွှေအောင်မှ အာလူး (၂)အိမ်မြောက်လမ်းမြောင်တစ်ခါ ဒီဘက်လမ်း ကိုသွား လိုက်တော့ဟု ဦးဝင်းရွှေမှ ပြောပါသည်။ ရေစဉ် အရှေ့ဘက် အရိုးပိန်နဲ့ တန်းနေမှာဟု ပြောပါသည်။ အရိုးပိန်ပြီး ကိုဖိုးမဲပြီး ဒေါ်အုန်းရှင်လမ်းမြောင်ကို ကြွက်ရှေ့က ကိုကျော်တတ်ရှေ့က မတင်မြင့်ဟု ဦးရွှေအောင်မှ ပြောပါသည်။ အုတ်ကန်နဲ့ လမ်းနဲ့ တဲ့ရမှာဟု ဦးဝင်းရွှေမှ ပြောပါသည်။ သောင်လွင်

Scanned by CamScanner

ပါပြီးလား မသင်အိအိခိ နောက်ကတန်းရမှာဟု ဦးကျော်စိုးမှ ပြောပါသည်၊ လမ်း အရှေ့ဘက်က အရီးစိန် ဦးကျော်စိုးမှ ပြောပါသည်။ လမ်းထိပ်တည့်တည့်က မင်းအ မကြေး အိမ်ပါပြီလားဟု ဦးရွှေအောင်မှ ပြောပါသည်။ ဒီနားက ဦးဝင်းမြင့်ဟု ချမ်းငွေးကိုမှ ပြောပါသည်၊ လမ်းအနောက်ဘက် ဘုန်းကြီးကျောင်းစာကြည့်တိုက်ဟု ဦးရွှေအောင်မှ ပြောပါသည်ညာ၊ မြေပုံဆွဲရင်း ဦးရွှေအောင်မှ ပြောပါသည်။ ဒီနားက ဦးဝင်းမြင့်ဟု ချမ်းငွေးကိုမှ ပြောပါသည်။ လမ်းအနောက်ဘက် ဘုန်းကြီး ကျောင်းစာကြည့်တိုက်မှ ဦးရွှေအောင်မှ ပြောပသည်။ မြေပုံဆွဲရင်း ဦးရွှေအောင်မှ ရွာလူဦးရေ (၇၀၀)ကို (၁၈)ယောက်ဘဲ လျော့တယ် အတိအကျဟု ဖြေပါသည်။ ကိုလှဦး၊ ကိုဖိုးထူး အိမ်ရှိ တယ်ဟု ပြောပါသည်။ ငွေးနိုင်က သွယ်မိုး ထံရုံကာဟု ဦးရွှေအောင်မှ ပြောပါသည်၊ ကိုဥဗိုလ်တု အမြောင်လေးထည့်ရအုန်းမှာဟု ပြောပါသည်၊ မလှမေမသိန်းကြည် လမ်းဆုံဟု ဦးရွှေအောင်မှ ပြောပါသည်။ အရှေ့အနောက်လမ်း မောင်စိုးနိုင်၊ ဗလအိမ်ဟု ဦးဝင်းရွှေမှ ပြောပါသည်၊ ဗလအရှေ့ဘက်က မခင်ညွန့်ဟု ချမ်းငွေးကိုမှ ပြောပါသည်၊ ချစ်လုံးအိမ်နှင့် လွှမ်းမောင် ဟု ပြောပါသည်။ စာသင်ကျောင်း ဒီဘက်လမ်းထိပ်ဟု ပြောပါသည်၊ ရွာမြောက်ဘက် ဘုရားရှိ တယ်ဟု ချမ်းငွေးကိုမှ ပြောပါသည်။ ဦးဖိုးနီ ကွက်လပ်ကြီးဟု ပြောပါသည်၊ မဝင်းမာ၊ မဝင်းရွှေ သော့လွှဲ လေးပါဟု ဦးရွှေအောင်မှ ပြောပါသည်။ မခင်အေး၊ မတင်ငွေး ကုန်ပြီဟု ပြောပါသည်၊ ကိုကျော်မောင် က ဒီလမ်းဘေးဖို့ယ်နောက်လာရမှာဟု ပြောပါသည်။ ကိုငွေးရှိန်အိမ်ဟု ပြောပါသည်၊ လမ်းမြောင် အရှေ့ဘက်က မောင်ဝင်းမြင့်ဟု ပြောပါသည်။ ဆွဲလို့ပြီးပြီ အိမ်လိုက်ရေကြည့်စမ်းဟု ဦးရွှေအောင်မှ ကိုချမ်းငွေးကို ပြောပါသည်။ ကိုချမ်းငွေးကိုမှ ဆွဲထားသော မြေပုံထဲမှ အိမ်လိုက် ရေပေးပါသည်၊ (၁၃၅)အိမ်ရှိတယ် ဆွဲလဲပြီးပြီဟု ပြောပြီး အစည်းအဝေးကို ရပ်နားလိုက်ပါသည်၊

| စဉ် | အမည် | တာဝန် | လက်မှတ် |
|---|---|---|---|
| ၁ | ဦးခင်မောင်ငွေး | | |
| ၂ | ဦးဝင်းရွှေ | | |
| ၃ | ဦးကျော်စိုး | | |
| ၄ | ဦးချမ်းငွေးကို | | |
| ၅ | မဉမ္မာသန်း | | |
| ၆ | မအေးအေးမြတ် | | |
| ၇ | မခင်ခက်ခက်နိုင် | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ ဆိတ်ဆင်းကျေးရွာအုပ်စု ရွာကုန်းကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များအခြေအနေတင်ပြချက်

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်မှု(ကျပ်သိန်း) | | | | အကျိုးပြုအိမ်ထောင်စု | စီမံကိန်းလွှမ်းခြုံမှု ကျေးဦးရေ၊ရွာ | ကျေးရွာဦးစားပေးအဆင့် | လုပ်ငန်းတိုးတက်မှု အခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ထည့်ဝင်မှု | နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် (ကျပ်သိန်း) | နိုင်ငံခြားအကူအညီ အထောက်အပံ့ (ကျပ်သိန်း) | စုစုပေါင်း (ကျပ်သိန်း) | | | | |
| ၁ | လျှပ်စစ်မီး | ၅၀၀ | ၁၀၀ လုပ်အား | ၃၀၀ နည်းပညာ | ၁၀၀ နည်းပညာ | ၅၀၀ | ၁၂၀ | ၅၉၂ ဦး | ၁ | စက်မှုလုပ်ငန်း၊ လူနေမှုအဆင့်မြင့်မားမှု |
| ၂ | ရွာရှင်းဆက်လမ်း | ၄၀၀ | လုပ်အား | ၃၀၀ စက်ယန္တရား | ၁၀၀ | ၄၀၀ | ၅၀၀ | ၁၅၀၀ | ၂ | ကျန်းမာရေး၊ ပညာရေး အဆင်ပြေချောမွေ့စွာ အထောက်အကူပြုခြင်း |
| ၃ | ဆေးဝါးဆေးပစ္စည်း နှင့် ဆရာ/မ | ၅၀ | ၁၀ | ၃၀ | ၁၀ | ၅၀ | ၅၀၀ | ၂၅၀၀ | ၃ | ကျန်းမာရေးစောင့်ရှောက်မှု ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ |
| ၄ | စိုက်ပျိုးရေးနှင့် မွေးမြူနည်းပညာ အထောက်အကူ | ၅၀၀ | လုပ်အား | ၅၀၀ စက်ယန္တရား | နည်းပညာ | ၅၀၀ | ၁၂၀ | ၅၉၂ ဦး | ၄ | တောင်သူလယ်သမားများနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးများပေမည် |
| ၅ | စာသင်ကျောင်း အုတ်တံတိုင်း | ၁၅၀ | လုပ်အား | ၁၀၀ | ၅၀ | ၁၅၀ | ၁၂၀ | ၅၉၂ ဦး | ၅ | ကျောင်းသား/သူများ လုံခြုံမှု ပေးနိုင်ပြီး အထောက်အကူပြုခြင်း |
| ၆ | ကျေးရွာတွင်းလမ်းများ | ၁၀၀ | ၁၀ လုပ်အား | ၉၀ စက်ယန္တရား | နည်းပညာ | ၁၀၀ | ၁၂၀ | ၅၉၂ ဦး | ၆ | ကျေးရွာသူ/သားများ ဝါတွင်းကာလများတွင် သွားလာမှုအဆင်ပြေခြင်း |
| ၇ | အားကစားကွင်း | ၅၀ | လုပ်အား | ၅၀ | - | ၅၀ | ၁၂၀ | ၅၉၂ ဦး | ၇ | ကျေးရွာတွင်းရှိ လူငယ်များ ကျန်းမာရေး ညီညွတ်ပြီး စိတ်ဓါတ်ခွန်အား ပိုမိုအားကောင်းပေးစေခြင်း |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ ဇော်ဆင်ကျေးရွာအုပ်စု၊ ရွာကုန်းကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ တင်ပြချက်အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| နေ့ရက် | ၅-၁၂-၂၀၁၉ |
| အစည်းအဝေးစတင်ချိန်ညနေ | ၆၀၀ နာရီ |
| အစည်းအဝေးပြီးဆုံးချိန် | ၈၀၀ နာရီ |
| စုစုပေါင်းကြာချိန် | ၂၀၀ နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | အုပ်ချုပ်ရေးမှူးအိမ် |

အစည်းအဝေးစတင်ချိန်တွင် ဦးစိုးလွင်မှ ကျေးရွာ၏လိုအပ်ချက်များကို ဖော်ထုတ်ကြမည်။ ကျေးရွာသူ/သားများမှလည်း ရွာ၏လိုအပ်ချက်များကို ဝိုင်းဝန်းစဉ်းစားပေးကြပါရန် ပြောသည် လျှပ်စစ်မီးနှင့် ရွာချင်းဆက်လမ်းလည်း လိုသည်ဟု ဦးဝင်းရွှေမှ ပြောပါသည်။ လျှပ်စစ်မီးနှင့် ရွာချင်းဆက်လမ်းလည်း လိုသည်ဟု ဦးဝင်းရွှေမှ ပြောပါသည်။ လျှပ်စစ်မီးအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ၅၀၀ သိန်းကျပ်၊ ပြည်သူ့ထည့်ဝင်မှု ၁၀၀ သိန်းကျပ်နှင့် နိုင်ငံတော်မှ သိန်း ၃၀၀ကျပ် နိုင်ငံခြားအထောက်အပံ့ သိန်း ၁၀၀ကျပ် စုပေါင်း ၅၀၀ သိန်းခန့်ကုန်ကြနိုင်မည် ဖြစ်သည်ဟု ခန့်မှန်းခဲ့ကြသည်။ ရွာချင်းဆက်လမ်း၏ ခန့်မှန်းကုန်ကျငွေမှာ သိန်း ၄၀၀ ကျပ်ဖြစ်ပြီး ပြည်သူလူထုမှ လုပ်အားပါဝင်မည် ဖြစ်သည်။ ဆေးဝါးပစ္စည်းနှင့် ဆေးဆရာမလည်း လိုအပ်သည်ဟု ဦးစန်းမောင်ဌေးမှပြောပါသည်။ မိမိတို့ကျေးရွာသည် တောင်သူအများစု လုပ်ကိုင်ကြသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် နည်းပညာလိုအပ်သည်ဟု ဦးကျော်မြင့်ရွှေမှ ပြောပါသည်။ စာသင်ကျောင်း အုတ်တံတိုင်းလည်း လိုအပ်သည်။ ကျေးရွာတွင်လမ်းနှင့် အားကစားကွင်းလည်း လိုအပ်သေးသည်ဟု ပြောကြရာတွင် အားကစားကွင်းအတွက် သိန်း ၅၀ ကျပ်ခန့်မှန်းကုန်ကျနိုင်သည်ဟု တွက်ချက်၍ စည်းဝေးပွဲကို ပြီးဆုံးစေခဲ့သည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းအုပ်စု ရွာကုန်းကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာလက်စွဲစာအုပ်ဖြစ်မြောက်ရေးအစည်းအဝေး

| အမည် | ရွာ | နေရာ | လက်မှတ် |
|---|---|---|---|
| ဦးရွှေအောင် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဝင်းရွှေ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးစံမြင့် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးကြည် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဖိုးလူ(လေး) | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဘိုနိုင် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးခင်မောင်ဌေး | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဖိုးကျော် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဖိုးသန်း | ရွာကုန်း | ဆေးပေးခန်း | |
| ဦးမြင့်မောင် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးစိန်လှိုင် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဌေးသူ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးကျော်သူ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးကျော်ရဲရွှေ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးကျော်မြင့်ဆွေ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးသောင်းစိုး | ရွာကုန်း | ဆေးပေးခန်း | |
| ဦးကျော်မိုး | ရွာကုန်း | ဆေးပေးခန်း | |
| ဦးမောင်ဌေး | ရွာကုန်း | ဆေးပေးခန်း | |
| ဒေါ်ဇင်မာဆွေ | ရွာကုန်း | ဆေးပေးခန်း | |
| ဒေါ်စိုးတင် | ရွာကုန်း | ဆေးပေးခန်း | |
| ဦးဖိုးနီ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးသုခ | ရွာကုန်း | ဆေးပေးခန်း | |
| ဦးစိုးလွင် | ရွာကုန်း | ဆေးပေးခန်း | |

Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာများအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ် သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်း နည်းလမ်း များ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာ နားလည်သဘောပေါက်ခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များ သည် ယခင် နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ပြီး ကျေးရွာသူ/သားများ ကိုယ်တိုင်တက်သိ ပညာရှင်များနှင့်လည်းကောင်း မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေး အာဏာပိုင် အဖွဲ့အစည်း များနှင့်လည်းကောင်း ပိုမိုအားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

အထူးမှာ . . . ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပိုမိုထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးဆောင် ဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ်များနှင့် ရွာသူ/သားများ အင်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တက်သိပညာရှင်များပင် ဖြစ်ပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး

ရွာကုံးကျေးရွာ၊ ဆိတ်ဆင်းကျေးရွာအုပ်စု

မြိုင်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိတ်ဆင်းအုပ်စု၊ ရွာကုန်းကျေးရွာ၏ပြဿနာသစ်ပင်သုံးသပ်ချက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းအုပ်စု၊ ရွာကုန်းကျေးရွာတွင် အိမ်ခြေ (၁၂၅/အိမ်၊ လူဦးရေ ကျား(၂၆၀)၊ မ(၃၃၁)၊ စုစုပေါင်း(၅၉၂)ရှိပါသည်။ ရွာကုန်းကျေးရွာ၏ ပတ်ဝန်းကျင် ကျေးရွာများမှ တောင်ဘက် ၂မိုင်ခန့်အကွာတွင် ပိုက်သင်ကျေးရွာနှင့် ကျောက်ဆောက်ကျေးရွာ အနောက် ဘက် ၁ဖာလုံခန့်အကွာတွင် ကံလင်ကျေးရွာရှိပါသည်။ ကံလှကျေးရွာ၏ အနောက်ဘက် ၁မိုင်ခန့် အကွာ တွင် ကိုင်းကံကျေးရွာရှိပါသည်။ ကိုင်းကန် ကျေးရွာ၏ အနောက်ဘက် ၆ဖာလုံခန့်အကွာတွင် ကျောက်တိုင် ကျေးရွာရှိပါသည်။ ရွာကုန်းကျေးရွာနှင့် ကျောက်တိုင်ရွာသည် ၂မိုင်ခန့်ဝေးပါသည်၊ ကျောက်တိုင်ရွာသည် လျှပ်စစ်မီးရရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ကျောက်တိုင်ရွာမှ အနောက်ဘက် ၅မိုင်ခန့်ဝေးသောနေရာတွင် မြိုင်မြို့တည်ရှိပါသည်။ ထို့ကြောင့် မြိုင်မြို့နှင့်ရွာကုန်းရွာသည် ၆မိုင်ခန့်သာဝေးပါသည်။ ရွာကုန်းရွာ၏ မြောက်ဘက် ၂မိုင်ခန့်အကွာတွင် အိုးပြွန်ကျေးရွာနှင့် ရွာသစ်ကျေးရွာတို့ရှိပါသည်။ ရွာကုန်းကျေးရွာ၏ အရှေ့ဘက်တည့်တည့်တွင် လက်ဆည်ကန်ကျေးရွာ၊ ဒေါင်အိုးကြီးကျေးရွာ၊ ဝါးသုံးအိုင်ကျေးရွာတို့ရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းအုပ်စု၊ ရွာကုန်းရွာသည် လျှပ်စစ်မီးမရရှိပါသဖြင့် ရရှိရန် အကူအညီလိုအပ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ဦးဆောင်သူမရှိခြင်း၊ အလှူရှင်မရှိခြင်း၊ ပံ့ပိုးသူမရှိခြင်း၊ ရပ်ရွာငွေကြေးချို့တဲ့ခြင်း၊ အစိုးရမှ ပံပိုးမှုမရှိခြင်းများကြောင့် ယခုအချိန်ထိ လျှပ်စစ်မီး မရရှိသေးပါ။

လျှပ်စစ်မီးမရရှိခြင်းကြောင့် ကျောင်းသူ/သားများ စာကြည့်ရန်ခက်ခဲသဖြင့် ပညာရေးတွင် နောက် ကျနေပါသည်။ ဘွဲ့ရပညာတက်နည်းပါးခြင်း၊ ကလေးများလေ့လာလိုသော ကွန်ပျူတာနှင့် သိပ္ပံဘာသာ ရပ်များ လေ့လာရန်ခက်ခဲပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရည်အဆင့်အတန်းများ နိမ့်ကျသဖြင့် အနာဂတ်ကလေးငယ်များ၏ ပညာရေးလည်း မကောင်းနိုင်ပါ။ အနာဂတ်ကလေးငယ်များ၏ ပညာရေးလည်း မကောင်းနိုင်ပါ။ အနာဂတ်ကလေးငယ်များသည် နိုင်ငံ၏ ဦးဆောင်လမ်းပြသူများ ဖြစ်လာပါမည်။ နိုင်ငံ ၏ဦးဆောင်လမ်းပြသူများသည် အရည်အချင်းရှိသောသူများ ဖြစ်သင့် ပါသည်။ ထိုသို့အရည်အချင်းရှိသော ပညာတတ်လူငယ်များဖြစ်လာစေရန်အတွက် လုံလောက်သော ပညာသင်ကြား မှုများရရှိရန် လိုအပ်ပါသည်။ ထိုပညာသင်မှုများရရှိရန်လဲ လျှပ်စစ်မီးသည် အရေးကြီးသောအချက်တစ်ခုဖြစ်ပါသည်။

လျှပ်စစ်မီးမရရှိခြင်းကြောင့် ကျေးရွာသူ/သားများသည် ထင်း၊ မီးသွေးတို့ဖြင့် ထမင်းဟင်းများ ချက်ပြုတ်ရပါသည်။ ထိုသို့ချက်ပြုတ်ရာတွင်သုံးသော ထင်း၊ မီးသွေးများသည် သစ်တော်ပြုန်းတီးမှုကို ဖြစ် စေသဖြင့် သစ်တောပြုန်းတီးမှု ကြောင့် မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ရောဂါဘယများဖြစ်ခြင်း၊ သဘာဝဘေး အန္တရာယ်များ ကျရောက်ခြင်းတို့ဖြစ်နိုင်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးမရရှိခြင်းသည် သစ်တောပြုန်းတီးမှုကို ဖြစ်စေသော အဓိကအချက်တစ်ခုဖြစ်ပါသည်။

လျှပ်စစ်မီးမရရှိခြင်းကြောင့် စက်မှုလက်မှုလုပ်ငန်းများလည်း မဖွံ့ဖြိုးနိုင်ပါ။ ထို့ကြောင့် စီးပွားရေးတွင် နောက်ကျခြင်း၊ အချိန်ကုန်ခြင်း၊ ငွေကြေးကုန်ကြမှု ပိုမိုများပြားခြင်း ဖြစ်လာနိုင်ပါသည်။ လျှပ်စစ်မီးရရှိ၍ စက်မှုလက်မှုလုပ် ငန်းများ ဖွံ့ဖြိုးလာပါက မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများမှ နိုင်ငံအနှံ့ဖြန့်ချီသော

Scanned by CamScanner

လုပ်ငန်းများ လုပ်ကိုင်နိုင်၍ စီးပွားရေး ကောင်းမွန်လာနိုင်ပါသည်။ လျှပ်စစ်မီးရရှိခြင်းကြောင့် လက်မှုလုပ်ငန်းမှ စက်မှုလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်နိုင်ပါက အချိန်ကုန်ငွေကုန်သက်သာ၍ ကျေးရွာ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

လျှပ်စစ်မီးမရရှိခြင်းကြောင့် ရုပ်သံလိုင်းများမှ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ကြည့်ရှုခွင့်မရပါ။ ထို့ကြောင့်ရပ်ရွာလူထုနှင့် အနာဂတ်ကလေးများသည် အသိပညာဗဟုသုတတိုးပွားခြင်း၊ မိမိသင်ကြားလိုသော အသိပညာ၊ အတတ်ပညာများကို ရုပ်သံအစီအစဉ်မှ သင်ယူနိုင်၍ ဖွံ့ဖြိုးတိုးတက်၍ ကျန်းမာပျော်ရွှင်သော မိသားစုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးမရရှိခြင်းသည် အသိပညာဗဟုသုတနည်းပါး၍ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ချို့တဲ့ခြင်း၏အဓိကအချက်တစ်ခုဖြစ်သည်။

လျှပ်စစ်မီးမရရှိခြင်းကြောင့် ခေတ်မီလူသုံးကုန်ပစ္စည်းများ သုံးစွဲ၍မရပါ။ ယခုခေတ်တွင် ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ လျှပ်စစ်မီးဖြင့် ထမင်းဟင်းချက်ခြင်း၊ တယ်လီဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်သုံးစွဲခြင်း၊ လေအေးပေးစက်များအစရှိသော အရာများကို လျှပ်စစ်မီးဖြင့် သုံးစွဲမှသာ အဆင်ပြေနိုင်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးမရှိပါက ကျေးရွာတစ်ခုတွင် မည်သို့ပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေကာမူ လူနေမှုဘဝမှာ နိမ့်ကျနေမည်သာ ဖြစ်ပါသည်။ လူနေမှုဘဝနိမ့်ကျပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများသည်လည်း ဆက်လက် နိမ့်ကျနေမည်သာဖြစ်ပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဆိတ်ဆင်းအုပ်စု၊ ရွာကုန်းကျေးရွာ၏ ဖြေရှင်းမှုစက်ကွင်းသုံးသပ်ချက်

ရွာကုန်းကျေးရွာသည် အိမ်ခြေ(၁၂၅)၊ လူဦးရေ(၅၉၂)ယောက်ရှိပြီး မူလတန်းနေ ကျောင်းသား (၃၇) ယောက်၊ အလယ်တန်းနေ ကျောင်းသား(၃၅)ယောက်၊ အထက်တန်းပညာ သင်ကြားနေသူ(၁၉) ယောက်နှင့် အထက်တန်း အောင်ပြီး တက္ကသိုလ်ပညာဆည်းပူးနေသူ (၉)ယောက်ရှိပါသည်။ ကျေးရွာ လေး သည် ပခုက္ကူမြို့နှင့်၂၀မိုင်ကွာဝေးပြီး မြိုင်မြို့နှင့် (၇)မိုင်ကွာဝေးသော တောရွာလေးဖြစ်ပါသည်။ မိုးတွင်းကာလများမှာ သွားလာရေးခက်ခဲလှပါသည်။ ရွာ၏ စီးပွားရေးလုပ်ငန်းမှာ အများအားဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ အသက်မွေးဝမ်းကြောင်းပြုပါသည်။ ထန်းနှင့် မွေးမြူရေးကိုလည်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပါသည်။ မိုးကိုအားထား၍ စိုက်ပျိုးကြရသောကြောင့် သီးနှံများကို အချိန်မှီ လုပ်ကိုင်ရန်မှာ မလွယ်ကူလှပါ။ အချိန်လွန်မှစိုက်ပျိုးရခြင်းများရှိသောကြောင့် သီးနှံထွက်နှုန်းများမှာလည်း နည်းပါး လှသည်။ မိုးလေဝသမမှန်မှုကြောင့် စားဝတ်နေရေးကို ခက်ခဲစွာ ဖြေရှင်းနေကြရပါသည်။ ရရှိလာသော သီးနှံများမှာလည်း ဈေးကွက် တည်ငြိမ်မှုမရှိသောကြောင့် တောင်သူများ နစ်နာကြရပါသည်။ မြို့ကို တင်ပို့ ရောင်းချရသောကြောင့် တောင်သူ များ နစ်နာကြရပါသည်။ မြို့ကို တင်ပို့ရောင်းချရသောကြောင့် သွားလာ ရေးမှာ ခက်ခဲပါသည်။ မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးရွာလူကြီးနှင့် အဖွဲ့အစည်းများသည် ကြိုးစားဆောင်ရွက်ကြသော်လည်း အဘက်ဘက်မှ ပြည့်စုံလုံ လောက်မှု မရှိသောကြောင့် ဖွံ့ဖြိုး တိုးတက်မှု နည်းသောရွာလေးဖြစ်ပါသည်။ စက်မှုလုပ်ငန်းမှာလည်း မရှိသလောက် နည်းလှသည်။

ကျောင်းသား/သူများမှာလည်း (၂)မိုင်လောက်ဝေးသော ကျောင်းသို့ ခြေလျင်တစ်မျိုး၊ စက်ဘီးဖြင့်တစ်ချို့ သွားရောက် ပညာသင်ကြားရပါသည်။ ကျောင်းမှ ပြန်ရောက်လျှင် မိဘလုပ်ငန်းခွင်သို့ ကူညီ ကြရပါသည်။ ညအခါများ မှာပင် စာကို ကျက်မှတ်ကြရပါသည်။ စာကျက်ရာတွင်လည်း မိမိအိမ်တွင်ရှိသော အလင်းရောင်အားနည်းသော မီးကတ်များဖြင့် ကြည့်ရသောကြောင့် အာရုံစူးစိုက်ကာ ဖတ်မှတ်ရပါသည်။ တစ်မျိုးသောကလေးများမှာ ဖယောင်းတိုင် မီးဖြင့် ဖတ်မှတ်ကြရပါသည်။ ဆိုလာ မီးမှာလည်း လူတိုင်း မသုံးနိုင်ကြပါ။ ကျေးရွာတွင်းရှိ လူကြီးများကလည်း ကလေးများ အဆင်ပြေစွာ ဖတ်မှတ်နိုင်ရန် ရပ်ရွာတွင်း လျှပ်စစ်မီးရရှိအောင် အစွမ်းကုန်ကြိုးစားကြသော်လည်း ပြည်သူတို့စီးပွားရေး အခက်အခဲကြောင့် အကောင်အထည်မဖော်နိုင်ခဲ့ကြပါ။

ယခုနိုင်ငံတော်၏ တစ်တိုင်းပြည်လုံး လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်းများအပေါ်အားကိုးကြီးစွာ စောင့်မျှော် နေရပါသည်။ ကျေးရွာ ဖွံ့ဖြိုးမှ နိုင်ငံတော်ကြီးသာယာလိမ့်မည်ဟု တွေးထင်မိပါသည်။ လျှပ်စစ်မီးမရရှိခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို ရွာသူရွာသားများနှင့် ကျောင်းသား/သူများ ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ အဘယ် ကြောင့်ဆိုသော် ချက်ပြုတ်ရေးတွင် ထင်းမီးကိုသာ အသုံးပြုရခြင်း လုပ်ငန်းခွင်သို့ အချိန်မှီ မရောက်ရှိနိုင်ခြင်း စသည်ဖြင့် တွေ့ကြုံရပါသည်။ သစ်ပင်များမှာလည်း တစ်နှစ်ထက် တစ်နှစ် လျော့ပေါ့လာခြင်းကြောင့် ရာသီဥတုမှာလည်း မမှန် ကန်ပေ။ သီးနှံထွက်နှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် လျော့ပါးလာပါသည်။ ဒါတွင်မကဘဲ မိသားစုဝင်ငွေနှင့် စားဝတ်နေရေးပါ ခက်ခဲလာ ကြရပါသည်။ အာဟာရကို ချို့တဲ့စွာစားသုံးရခြင်းကြောင့် ကျန်းမာရေးပါ ထိရောက် လာနိုင်ပါသည်။ ဆေးခန်း၊ ဆေးရုံများသို့

Scanned by CamScanner

သွားရောက်ကုသရခြင်းကြောင့် ငွေကုန်၊ အချိန်ကုန်ခြင်းများကို ဖြစ်ကြရပါသည်။ ၄င်းတို့၏ဆိုးကျိုးများကို ဖြေရှင်းပေးနိုင်မည့်အရာမှာ လျှပ်စစ်မီးဟု ထင်မြင်မိပါသည်။ အကြောင်းမှာ တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းမှ စက်မှုလုပ်ငန်းသို့ ပြောင်းလည်းလုပ်ကိုင်နိုင်ပြီး မိသားစု ဝင်ငွေများ တိုးတက်လာနိုင်သောကြောင့် ဖြစ်ပါသည်။ ကျောင်းသား/သူများလည်း ကျောင်းစာများကို စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လေ့လာနိုင်ပြီး နိုင်ငံအတွက် အားထားရမည့် လူတော်လူကောင်းများ ဖြစ်လာမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

လက်ရှိတွင်မူ သက်ဆိုင်ရာမြို့နယ်လူကြီးများနှင့် နိုင်ငံတော်၏ထောက်ပံ့ကူညီမှုကို ရာနှုန်းပြည့် လိုအပ် လျက်ရှိပါသည်။ အကြောင်းမှာ လျှပ်စစ်မီးရရှိရန် ကိုယ်ထူကိုယ်ထ အင်အားဖြင့်လုပ်ဖို့ရန်မှာ မလွယ်ကူပါ။ မလုပ်နိုင်ရခြင်းမှာလည်း ငွေကြေးအခက်အခဲဟာ အဓိကအကြောင်းအရင်းဖြစ်ပါသည်။ အလှူရှင်ပေါ်ပေါက်ရန်မှာလည်း လက်လှမ်းမှီသော အဆက်အသွယ်များမရှိပါ။ သက်ဆိုင်ရာ လူကြီးမင်းများမှ လုပ်ဆောင်ပေးမှသာလျှင် အခက်အခဲမရှိ အဆင်ပြေချောမွေ့ပါလိမ့်မည်။ ရွာသူ/သားများမှာ ကာယလုပ်အားဖြင့်သာ ကူညီဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။ ယခုအခါ ဆရာတော်ဘုရားနှင့် ရပ်ရွာ လူထု၏ ကြိုးစားဆောင်ရွက်မှုကြောင့် ကိုယ်ထူကိုယ်ထ ဆေးပေးခန်းလေးနှင့် ကျေးရွာ စာကြည့်တိုက်ကလေး ဖြစ်မြောက် လာခဲ့ရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာဗဟုသုတများကို ကျောင်းသား/ သူများနှင့် ရပ်ရွာပြည်သူတို့ ဖတ်ရှု လေ့လာနိုင်သော်လည်း နေ့ခင်းဘက်များမှာ လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရ၍ ညအချိန်မှာ အားလပ်ကြရပါသည်။ ထို့ကြောင့် လျှပ်စစ်မီးရရှိရန်မှာ မဖြစ်မနေ လိုအပ်လျက်ရှိပါသည်။ မြို့ဆင်ခြေဖုံးနှင့် နီးစပ်သော အချို့ကျေးရွာများမှာသာ လျှပ်စစ်မီးကို ဝမ်းသာ စွာ သုံးစွဲခွင့်ရနေပါသေးသည်။ မြို့နှင့်အလှမ်းဝေးသော ကျေးရွာများမှာမူ ယခုအချိန်ထိ လျှပ်စစ်မီးကို ခံစားခွင့် မရရှိကြသေးပါ။ နိုင်ငံတော် ထောက်ပံ့မှုနှင့် အလှူရှင်များကိုသာ အားကိုးကြီးစွာ စောင့်မျှော်နေကြရပါသည်။

သဘာဝဓာတ်ငွေ့ကို ဝယ်ယူသုံးစွဲကြရသော နိုင်ငံများတောင် လျှပ်စစ်မီးကို မြို့တိုင်း၊ ရွာတိုင်း အချိန်ပြည့် လျှပ်စစ်မီးကို ရရှိနေသည်ကို ဖတ်မှတ်ကြားရသည်မှာ ဝမ်းသာဝမ်းမည်းဖြစ်ရပါသည်။ အကြောင်းမှာ သဘာဝဓာတ်ငွေ့များ အလျှံပယ်ပေါ်ကြွယ်ဝ သော ကျွန်တော်တို့နိုင်ငံသည် ယခုအချိန်ထိ လျှပ်စစ်မီး မရရှိခြင်းကို တွေးမိခံစားကာ စိတ်မကောင်း ဖြစ်ရပါသည်။ ခံစားခွင့် အချိန်လည်း ရရှိသင့်ပြီ လို့ယူဆမိပါသည်။ ဒါမှသာ ဘက်စုံဖွံ့ဖြိုးသောတိုင်းပြည်အဆင့်မှ ဘက်စုံဖွံ့ဖြိုးသော တိုင်းပြည်အဆင့်မှ ဘက်စုံဖွံ့ဖြိုး တိုးတက်သော ကျေးရွာအဆင့်သို့ ကူးပြောင်းနိုင်လိမ့်ဟု သုံးသပ်မိပါ သည်။ မြန်မာနိုင်ငံ ပြည်သူတို့၏ ဝင်ငွေသည် အခြားပတ်ဝန်းကျင်နိုင်ငံများနှင့် နှိုင်းယှဥ်လျှင် အနည်းဆုံးဖြစ်နေသည်မှာ စိတ်မကောင်းစရာ အချက်တစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ နိုင်ငံတကာအဆင့်မှီသော်လည်း ပညာတတ်မြောက်သူဦးရေ အလွန် နည်းပါးနေသည်မှာ တိုင်းပြည်၊ ကျေးရွာဖွံ့ဖြိုးမှုကို ကြည့်ခြင်းအားဖြင့် သိသာလှပါသည်။ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာ(၈)ရက် ရွေးကောက်ပွဲမှာ ပြည်သူ့ထောက်ခံမှုအပြည့်အဝရခဲ့တဲ့ နိုင်ငံရေး ပါတီ ခေါင်းဆောင်ရဲ့စကားကို ပြန်ပြောနေ လျှင် "ကျွန်မတို့ လူသား တွေဟာ မပြည့်စုံမှုတွေနဲ့ ရင်ဆိုင် ကြုံတွေ့နေရပေမယ့်လည်း ကျွန်မတို့အတွက် ဒီမိုကရေစီရ ဖို့ဟာ မျှော်လင့်ခြင်း မီးအိမ်ပါပဲတဲ့" ။ အခုလည်း

